အလ္လာဟ်အရှင်မြတ်၏
(ထူးခြား)မြင့်မြတ်လှစွာသော
နာမ်တော်များ



ဘာသာပြန်ဆိုသူ
မော်လာနာဖရိဒ်တ်ဇမားန်

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် (၂၄၀/၉၃) (၃)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၂၂၅/၉၃) (၅)

တတိယအကြိမ်

အုပ်ရေ-၁၀၀၀

၁၉၉၃-ခုနှစ်၊ မေလ

တန်ဖိုး ၂၀-ကျပ်

အဖုံးရိုက်-သိဒ္ဓိဗလ ဆောင်စုံပုံနှိပ်တိုက်
ဦးမြင့်လွင်ခိုင် (မြဝ၁၉၀၁)၊
အမှတ် ၂၀၈၊ လမ်း-၃၀၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးနန္ဒ (၀၃၅၉၇)၊ သီရိနန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးလှစိန် (၀၃၀၀၇၉)၊ ထွန်းလှကျော်စာပေ
၂၁၉၊ အာသောကလမ်း၊ ၁၃-ရပ်ကွက်၊
လှိုင်မြို့နယ်။

ဖတ်ရှုတ်နည်း

အလ္လာဟ်အရှင်မြတ်၏ နာမ်တော်များကို အာဂုံဆောင်လိုလျှင် ဤစာအုပ်တွင် ပါရှိသည့်အတိုင်း အာဂုံဆောင်ရာ၏။ ဇဇရ် ဇေရ်၊ပေ့ ရှ်တို့တွင် မှားယွင်းမှုမရှိစေရ။ သို့သော်ဝဇီဖာအနေဖြင့် ရွတ်ဖတ်လိုလျှင် ဖတ်ပုံဖတ်နည်းမှာ အောက်ပါအတိုင်းဖြစ်၏။

အလ္လာဟ်ဟူသော နာမ်တော်ကို ဝဇီဖာဖတ်လိုလျှင် 'ယာအလ္လာဟ်' ဟူ၍ ဖတ်ရပေမည်။ ထိုမှတစ်ပါးအခြားနာမ်တော်များကိုရွတ်ဖတ်လိုလျှင် နာမ်တော်၏ရှေ့တွင်ရှိသော ''အလ်'' ကို မဖတ်ရ။

ဥပမာ။ ။အရ်ရဟ်မားနု၊အန်နူးရုစသည့်တို့ကို ဝဇီဖာ အနေဖြင့် ရွတ်ဖတ်လိုလျှင် ''အလ်'' ကိုဖြုတ်၍ ယာရဟ်မားနု၊ ယာနူးရု ဟူ၍ရွတ်ဖတ်ရမည်။

''မာလိကွလ်မုလ်ကို'' သို့မဟုတ် '' ဇွလ်ဂျလားလိဝါလ်အစ်က်ရာမ်'' ဟူသော ပုဒ်တို့ရှေ့တွင် ''ယာ'' ထည့်၍ ဖတ်လိုလျှင် ''ယာမာလိကွလ်မုလ်ကိ၊ ယာဇွလ်ဂျလာလိဝါလ်အစ်က်ရာမ်'' ဟူ၍ ဖတ်ရာ၏။



အလ္လာဟ်အရှင်မြတ်၏

(ထူးခြား)မြင့်မြတ်လှစွာသော

နာမံတော်များ

စီစဉ်ရေးသားသူ

ဟဇရသ် ဟကီမုလ်အွန်မသ်

မော်လာနာ အရှိရဖ်အဇီ လာနဝီသခင်

(ရဟ်မတုလ္လာဟ်)

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

နိဒါန်း

အခြားဘာသာတို့နှင့်စာလျှင်အချို့အဏုမျှားနှင့်စပ်လျဉ်း၍ အစွယ်လာမ် သာသနာတော်သည် ထူးခြားး၏။ အချွေတိုင်းစာပေ ဗဟုသုတကို လေ့လာ ဆည်းပူးသော အနောက်နိုင်ငံသားတို့နှင့်အစွယ်လာမ်သာသနာတော်၏ရှုန်သူတို့သည်အစွယ်လာမ်နှင့် စပ်လျဉ်း၍ မှားယွင်းသောစကားတို့ကို ပြောဆိုလေ့ရှိကြသည်။ အထင်မှားမှုမျှား ဖြစ်စေခဲ့ကြလေသည်။ အမှားအယွင်းမျှား ပြုခဲ့ကြလေသည်။ သို့ပင်တစေ ဤသည်ကား မှောင်မည်းသောမိုးသားမျှားသည် လင်းဝင်းတောက်ပသောနေကို ခေတ္တခဏမျှ ဖုံးအုပ်ထားသကဲ့သို့ပင် ဖြစ်၏။ သို့ဆုတ္ထင် အစွယ်လာမ်ကို အစွယ်လာမ်သာသနာတော်အရသာလျှင် လေ့လာသည်ရှိသော် အထင်မှားနိုင်စရာလည်း မရှိ၊ မှားယွင်းသောစကားတို့ကိုလည်း ပြောနိုင်စရာ မရှိချေ-

وَلِلّٰهِ الْأَسْمَاءُ الْحُسْنٰى فَادْعُوْهُ بِهَا

-ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိ၏။ ယင်း၏ အဓိပ္ပာယ်မှာ-စင်စစ် အလွှာဟ်အရှင်မြတ်၌ မြင့်မြတ်လှသော နာမံတော်များစွာရှိသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်း နာမံတော်များဖြင့်သာ ထိုအရှင်မြတ်ကို ခေါ်ဝေါ်တသကြ လေကုန်။ အလွှာဟ်အရှင်မြတ်သည် မိမိကျွန်များအပေါ် ဝယ် အဘယ်မျှ ကြီးမားသောကရုဏာ ထားတော်မူကြောင်းကို ကုရ်အာန်ကျမ်းလာ ဤအာယာသ်တော်က သက်သေခံလျက် ရှိ၏။ ထိုအရှင်မြတ်သည် မိမိကျွန်များအား ‘ယင်းမွန်မြတ် သော နာမံတော်များဖြင့် မိမိအား ခေါ်ဝေါ်တသရန်’ အမိန့်ချမှတ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ဤမြင့်မြတ် သော နာမံတော်များသည် ၎င်းတို့၏ ဘေးဥပဒ်ရောဂါ ဝေဒနာများကို ကုသပေးသော ဆေးဝါးများဖြစ်သော ကြောင့်ပင်။ ဤနာမံတော်များသည် လက်ဖွဲ့များဖြစ်ကြ၏။ စကြဝဠာအပေါင်းတို့ကို ဖန်ဆင်းတော်မူသော အရှင်မြတ်၏ ဘုန်းသမ္ဘာနှင့် ကရုဏာတော်ကို ထင်ရှားပေါ်လွင်စေသော နာမံတော်များ ဖြစ်၏။ ယင်းနာမံတော်များကို ဖတ်ရွတ် သရဇ္ဈာယ်ခြင်းသည် အလွှာဟ်အရှင်မြတ်၏ အထံတော်၌ ဒုက္ခ သည် လူသားအတွက် အသနားခံ တောင်းပန် ပေး၏။ အလွှာဟ် အရှင်မြတ်၏ ဇာတိကောင်နှင့် ဂုဏ်တော်များ၊ ကရုဏာဘော်၊ အမျက်တော်တို့ကို ပေါ်လွင် စေသော နာမံတော်များ ဖြစ်၏။ ယင်း နာမံတော်များ၏ ဗရကသ်

ကျေးဇူးတော်ဖြင့် ရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်၏။ ဘေးဥပါဒ်အသီးသီးမှ လွတ်ကင်း ချမ်းသာရနိုင်၏။ ဒုက္ခအမျိုးမျိုးကင်းဝေးနိုင်၏။ လိုအင်ဆန္ဒအဝဝ ပြည့်မြောက်နိုင်၏။

အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် မိမိ၏ အကြင် နာမံတော်တို့ကို မွန်မြတ်သော နာမံတော်များဟူ၍ သတ်မှတ်တော်မူသော ထိုနာမံတော်များ၏ ဗရကသ်မဂ်လာ၊ အကျိုးသက်ရောက်မှု၊ ထိရောက်မှုတို့ကား ဆုံးနိုင်ပါမည်လော။ ဤသည်ကား အလ္လာဟ် အရှင်မြတ်အား မြင့်မြတ်သော နာမံတော်များဖြင့် ခေါ်ဝေါ်တသခြင်းအားဖြင့် အလိုဆန္ဒများကို ရယူရန် ညွှန်ပြသောအချက်ပင်ဖြစ်၏။ 'အတ်စ်မာ အေဟ္ဘတ်စ်နာ' မြင့်မြတ်သော နာမံတော်များ မည်သွေ့မျှရှိသည်ဟူသောအချက်နှင့် စပ်လျဉ်း၍ ကဲ့လဲ့မှုရှိ၏။ သို့သော် ယင်းနာမံတော်များ၏ အရေအတွက်မှာ အနည်းဆုံး ၉၉-ပါးရှိကြောင်းနှင့် စပ်လျဉ်း၍ အားလုံးလိုလို ညီညွတ်ကြ၏။ အလွန်များပြားသော ယင်းနာမံတော်များ၌ အကျိုးသက်ရောက်မှုနှင့် ဗရကသ်မဂ်လာသည် များစွာရှိပေသည်။ ယင်းအကျိုးသက်ရောက်မှုနှင့် ဗရကသ် မဂ်လာသည် ပူပန်သောကကို ဝမ်းမြောက်ဝမ်းသာမှုနှင့် လဲလှယ်၏။ ယိုစီးလျက်ရှိသော မျက်ရည်သည် ရပ်တန့်သွား၏။ မျော်လင့်ချက် ကင်းမဲ့မှုများ ပပျောက်သွား၏။

ယင်းနာမံတော်များကို အာဂုံဆောင်ထားသူသည် ဂျန္နသ်သုခဘုံသို့ လားရမည်ဟု ဗုဒ္ဓဝါရိနှင့် မွတ်စ်လင်မ် ကျမ်းတို့တွင် လာရှိ၏။

အလ္လာဟ်အရှင်မြတ်၏ နာမ်တော်များ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ
نَحْمَدُهٗ وَنُصَلِّيْ عَلٰى رَسُوْلِهِ الْكَرِيْمِ

၁။ اَللّٰهُ အလ္လာဟ်။

အကျိုး။ အကြင်သူသည် ဤနာမ်တော်ကို နေ့စဉ် အကြိမ်ပေါင်း တစ်ထောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ယုံကြည်မှုအပြည့်အဝကို ချီးမြှင့်တော်မူအံ့။ ထိုနောက် အကြင်သူသည် တစ်ကိုယ်ထီးတည်း သောကြာနေ့ ဂျုမုအာဟ် နမာဇ်မဖတ်မီ သန့်ရှင်း စင်ကြယ်စွာဖြင့် ထိုနာမ်တော်ကို အကြိမ်ပေါင်းနှစ်ဆယ်ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော်၊ ထိုသူ၏ လိုအင်ဆန္ဒမှာ မည်မျှပင် ခက်ခဲသော်လည်း လွယ်ကူသွားအံ့။ ထို့ပြင် သမားတော်ကြီးများ ဆေးကုသပေးခြင်း မပြုနိုင်ဘဲ လက်လျှတ်သော ဝေဒနာရှင်များ အပေါ် ဝယ် ဤနာမ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်း ပြုခဲ့သော် ဝေဒနာပျောက်ကင်းအံ့။

အရ်ရဟ်မားန်။

၂။ اَلرَّحْمٰنُ

မဟာကရုဏာတော်ရှင်။

အကျိုး။ ငါးကြိမ် နမာဇ်ဖတ်ပြီးတိုင်း ဤနာမ်တော်ကို အကြိမ်ပေါင်းတစ်ရာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် စိတ်နှလုံးချုတ်ယှင်းမှု၊ ပေါ့ဆမှု ပပျောက်အံ့။ ထို့ပြင် ယင်းနာမ်တော်ကို များစွာရွတ်ဖတ် တသသူမှာ မနှစ်မြို့ဖွယ်ကိစ္စ အသီးသီးမှ လုံခြုံစွာ ရှိအံ့။ ထိုနောက် ယင်းနာမ်တော်ကို နှံသာကတိုး ကုံကုမ်တို့ဖြင့် ရေးရှု အကျင့်စာရိတ္တမကောင်းသောသူ၏ အိမ်၌ လုံခြုံသောနေရာတွင် မြုပ်နှံခြင်းပြုခဲ့သော် ထိုသူတွင် ရွက်ကြောက်မှု၊ သနားကြင်နာမှုနှင့် ကျိုးနွံမှုတို့သည် ဖြစ်ပေါ်အံ့။

အရ်ရဟီးမု။

၃။ اَلرَّحِيْمُ

အလွန်တရာ သနားကြင်နာတော်မူသော အရှင်။

အကျိုး။ အကြင်သူသည် ဤနာမ်တော်ကို နေ့စဉ် အကြိမ်ပေါင်းတစ်ရာရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော် ထိုသူ၏ စိတ်နှလုံးတွင် နူးညံ့မှုနှင့် သနားကြင်နာမှု ဖြစ်

ပေါ်အံ့။ ထိုနောက် မည်သူမဆို မနှစ်မြို့ဖွယ်ကိစ္စ ကို စိုးရိမ်ရလျှင် 'အရဲရဟ်မာန္နရ်ရဟီးမ်'ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်ရမည်။ သို့မဟုတ် ထိုနာမံတော် နှစ်ပါးကိုရေး၍ လည်ပင်း၌ ဆွဲထားရမည်။ ထို နောက် ထိုနာမံတော် နှစ်ပါးကို ရေး၍ ရေဖြင့် ဆေးပြီး ထိုရေကို တစ်စုံတစ်ရာ သစ်ပင်၏ အမြစ် တွင် သွန်းလောင်းခဲ့သော် အသီးများ ပေါများစွာ သီးအံ့။ ထို့ပြင် အကယ်၍ တစ်ဦး တစ်ယောက် အား ရေဖြင့် ရော၍ တိုက်ကျွေးခဲ့သော် ထိုသူ၏ စိတ်တွင် ရေးသူအား ချစ်မြတ်နိုးမှု ဖြစ်ပေါ်အံ့။ ထိုနည်းတူစွာ အကယ်၍ တစ်ယောက်အရ ချစ်ခင် ရှိသော ချစ်သူနှစ်ဦး၏ အမည်နှင့် မိခင်၏အမည် ကိုပါရေးလျှင် ထိုသူအား အလွန်အမင်း ချစ် မြတ်နိုးအံ့။

۹ اَلْمَلِكُ အလ်မလိကု။ (စကြဝဠာအပေါင်းတို့ကို) စိုးပိုင်တော်မူသောအရှင်။

အကျိုး။ အကြင်သူသည် နေ့စဉ် မွန်းလွဲချိန်တွင် ထိုနာမံ တော်ကို အကြိမ်ပေါင်း ၁၂၀ဖတ်ရွတ် သရဇ္ဈာယ် ခဲ့သော် အလ္လာဟ် အရှင်မြတ်သည် ထိုသူအား စိတ်နှလုံးကို စင်ကြယ်စေတော်မူ၍ စိတ်ချမ်းသာမှု

ကို သော်လည်းကောင်း၊ ဥစ္စာပစ္စည်း ချမ်းသာမှု ကို သော်လည်းကောင်း ချီးမြှင့်တော်မူအံ့။

၅။ اَلْقُدُّوسُ

အလ်ကုတ်ဒူးစ်။
ချို့တဲ့မှုအပေါင်းတို့မှ ကင်းစင် တော်မူသောအရှင်။

အကျိုး။ ဂျုမုအဟ် နမာဇ် အပြီးတွင် အကြင်သူသည် ဤ နာမ်တော်ကို ၁၀၅ ကြိမ် ရွတ်ဖတ် သရဇ္ဈာယ်၍ ယင်း နာမ်တော်ကို မုန့်တစ်ချပ်ပေါ်တွင် ရေးပြီး ထိုမုန့်ကိုစား၍ ထိုသူသည်ဘေးဒုက္ခအပေါင်း မှကင်း၍ ဝတ်ပြုနိုင်ခြင်းအစွမ်းကို ချီးမြှင့်ခြင်းခံ ရအံ့။

၆။ اَلسَّلَامُ

အတ်စ္စလားမ်။
နှစ်နာ ဆုံးရှုံးမှုအပေါင်းမှ ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်။

အကျိုး။ ဝေဒနာရှင်၏အပါးတွင် ၎င်း၏ ခေါင်းရင်းဦးထိုင်၍ လက်နှစ်ဖက်စလုံးကို ပင့်မြှောက်၍ ဤ နာမ် တော်ကို ဝေဒနာရှင်ကြားလောက်အောင် ၁၁၆ ကြိမ်အသံကျယ်စွာ ဖတ်ရွတ်သရဇ္ဈာယ်လျှင် အင်နှ် ရှာအလ္လာဟ် ဆောဂါ ပျောက်ကင်းအံ့။

အလ်မုအ်မိန်။

၃။ اَلْمُؤْمِنُ (က) ကတိသစ္စာ တည်တော်မူသော အရှင်။
(ခ) မိမိပြစ်ဒဏ်မှ ငြိမ်းချမ်းမှုပေး သနားတော်မူသော အရှင်။

အကျိုး။ အကြင်သူသည် ဤနာမံတော်ကို များစွာ တဲသခဲ့သော်ထိုသူသည် ငြိမ်းချမ်းမှုနှင့် အီမာန်ခိုင်မြဲမှုကို ချီးမြှင့်ခြင်းခံရအံ့။ ဒုင်းပြင်ကြောက်ရွံစိုးရိမ်သောသူသည် ဤနာမံတော်ကို ၃၆ ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော် မိမိ၏ အသက်စည်းစိမ် ဥစ္စာငွေစည်းနှင့် စင်လျဉ်း၍ ဘေးရန်ကင်းအံ့။

အလ်မုဟိုင်းမိန်။

၄။ اَلْمُهَيْمِنُ (က) ထိန်းသိမ်း စောင့်ရှောက်တော်မူထသော အရှင်၊
(ခ) အသိသက်သေ ဖြစ်တော်မူသောအရှင်။

အကျိုး။ ရေမိုးချိုး၍ နဖိလ်နမာဇ်-၂-ရကအသ် ဖတ်ပြီး ဤနာမံတော်ကို တစ်ကိုယ်တည်း စိတ်ဝင်စားစွာ

အကြိမ်ပေါင်း ၁၀၀ ဖတ်ရွတ် သရဇ္ဈာယ်ခဲ့သော်၊ ရဲရင့်သော စိတ်ဓာတ်ဖြစ်ပေါ်အံ့။

အလ်အဇီးဇ်။

၉။  တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်။

အကျိုး။ နေ့စဉ် ၄၁ ကြိမ်၊ ရက်ပေါင်း ၄၀ ဖတ်ရွတ် သရဇ္ဈာယ်ခဲ့သော် အတွင်းစိတ်ချမ်းသာမှု၊ သို့မဟုတ် ဥစ္စာချမ်းသာမှုနှင့် ဂုဏ်အင်ဩဇာကို ရရှိမည့်အပြင်၊ လူသားတို့အပေါ်၌ မှီခိုအားထားလိုလားတောင့်တခြင်းမှ လွတ်ကင်းအံ့။

အလ်ဂျဗ္ဗာရ်။

၁၀။ 

(က) ပျက်စီး ယိုယွင်းခြင်းကို ပြုပြင်တော်မူသော အရှင်။

(ခ) အာဏာညောင်းတော်မူသောအရှင်။

(ဂ) လွန်စွာနှိမ်နှင်းတော်မူသော အရှင်။

အကျိုး။ ဤ နာမ်တော်ကိုနှုံနက်နှင့်ညနေအချိန်တွင် ၂၁၄ ကြိမ် ဖတ်ရွတ် သရဇ္ဈာယ်ခဲ့သော် နှိပ်စက်သူတို့၏ နှောက်ရှက် ဖျက်ဆီးခြင်းမှ ကင်းဝေးအံ့။

အလ်မုသကတ်ဗ်ဗွ။

၁၁။  ထူးကဲ မြင့်မြတ်တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော်၊ မြင့်မြတ်မှုနှင့် ဂုဏ်ကျက်သရေရှိအံ့။ ၎င်းပြင် သတို့သမီးကိုအခန်းအပ်သော် ညဉ့်မေထုန်သံဝါသမပြုမီ ဇနီး၏အပါးဌာ ဤနာမ်တော်ကို ၁၀ ကြိမ် ဖတ်ရွတ် သရဇ္ဈာယ်ခဲ့သော် သားကောင်း ရတနာဖွားမြင်အံ့။

၁၂။ အလ်ခါးလိကု။

 အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို နေ့စဉ် တစ်ဆက်တည်း (၇) ရက် တိုင်အောင် အကြိမ်ပေါင်း (၁၀၀)စီရွတ် ဖတ်သရဇ္ဈာယ်ခဲ့သော်၊ ဘေးဒုက္ခအပေါင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ရအံ့။

၁၃။ اَلْبَارِئُ အလ်ဗာရိအု။
အရာရာကို တီထွင်တော်မူသော အရှင်။

၁၄။ اَلْمُصَوِّرُ အလ်မုဆောက်ဝိရ်။
အဖန်ဆင်းခံ အပေါင်းတို့အား ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖန်ဆင်း တော်မူသောအရှင်။

အကျိုး။ ဤနာမ်တော် ၂ ပါးကို များစွာ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော်၊ အံ့ဩဖွယ် အတတ်ပညာများကို တီထွင် လုပ်ဆောင်ရာတွင် လွယ်ကူအံ့။ အကယ်၍ မြဲသောအမျိုးသမီးသည် ၇ ရက် အထိ ရိဇာ ဥပုသ်ဆောက်တည်၍ ရေဖြင့် ဝါဖြေပြီးနောက် ၂၁ ကြိမ် ဖတ်ရွတ်သရဇ္ဈာယ်ခဲ့သော်၊ အင်နှ်ရှာ အလ္လာဟ်ပဋိသန္ဓေ တည်၍ သားသမီးရရှိအံ့။

၁၅။ اَلْغَفَّارُ အလ်ဂတ်ဖ်ဖာရ်။
အပြစ်များမှအလွန်တရာ ချမ်းသာ ခွင့်ပြုတော်မူသောအရှင်။

အကျိုး။ ဤနာမ်တော်ကို ဂျုမုအဟ်နမာဇ် ဖတ်ပြီးနောက် အကြိမ်(၁၀၀) ဖတ်ရွတ်သရဇ္ဈာယ်ခဲ့သော်၊ ချမ်း သာခွင့် လက္ခဏာများ ဖြစ်ပေါ်အံ့၊ (၀၇) ကျပ်

စာည်းမှု အလုံးစုံ ပပျောက်အံ့၊ မမျော်လင့်ဘဲ ရိက္ခာဇရလတ္တံ့။

၁၆။ اَلْقَهَّارُ

အလ်ကဟ် ဟားရှ်။
နှိမ်နင်း လွှမ်းမိုးတော်မူသော အရှင်။

အကျိုး။ များစွာဖတ်ရွတ်တသခြင်းဖြင့်လောကီရေးခင်တွယ်မှုနှင့် စိတ်တွင်းဝယ် အလ္လာဟ်အရှင်မြတ်မှုတစ်ပါး အခြားသူတို့အား အထင်ကြီးမှု ပပျောက်အံ့။ ထို့ပြင် ရန်သူတို့အပေါ်ဝယ် နှိမ်နင်း လွှမ်းမိုးအံ့။ထိုမှုတစ်ပါး ဤနာမံတော်ကို ပန်းတန်ပြားပေါ်၌ ရေးရှ် စုန်းပြုစားခြင်းခံရသဖြင့် ဇနီးနှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုနိုင်သောသူအား တိုက်ကျွေးခဲ့သော် စုန်းပယောဂ ပပျောက်အံ့။

၁၇။ اَلْوَهَّابُ

အလ်ဝဟ်ဟားဗ်။
(က) ဆုချီးမြှင့်တော်မူသော အရှင်။
(ခ) တစ်စုံတစ်ရာ၏ အစား ချီးမြှင့်တော်မူခြင်း မဟုတ်ဘဲ ရက်ရောစွာ ချီးမြှင့်တော်မူသောအရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာ ရွတ်ဖတ် တသခြင်းဖြင့် လိုလား တောင့်တမှု ကင်းအံ့။ အလ္လာဟ်အရှင်မြတ်၏ သဘောတူညီမှုကို ခံစားရအံ့။ အရှိန်အဝါ တိုးလာအံ့။ ကျားရှဉ်သနဖိလ်နမာဇ်များ၏ နောက်ဆုံး စဂျဒဟ်တွင် ဤနာမ်တော်ကို ၁၄ ကြိမ် ဖတ်ရွတ်သရဇ္ဈာယ်ခဲ့သော် အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်အံ့။

၁၈။ အရ်ရပ်ဇ္ဇားကုး။

اَلرَّزَّاقُ

သတ္တဝါအပေါင်းတို့အား အစာအာဟာရကို ပို့ပေး သနားတော်မူသောအရှင်။

အကျိုး။ ဖရှိရ်နမာဇ်အလျင် အိမ်၏ ထောင့်အားလုံးတွင် ဤနာမ်တော်ကို ကစ်ဗလဟ်ဘက် လက်ယာထောင့်မှ စ၍ ၁၀ ကြိမ်စီ စဉ်ဖတ် ဖော်ရွတ် သရဇ္ဈာယ်ခဲ့သော်၊ အစာအာဟာရ ချောင်လည်မှုရှိအံ့။

၁၉။ အလ်ဖတ္ထားဟု။

اَلْفَتَّاحُ

(က) အခက်အခဲများကို ပြေလည်စေတော်မူသောအရှင်၊

(ခ) အမြင့်မြတ်ဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင်။

အကျိုး။ ဖဂိုရ်နုမာဇ်ဖတ်ပြီးနောက်ရင်ဘတ်ပေါ်၌လက်ကိုတင်၍ ဤနာမံတော်ကို ၃၁-ကြိမ် ဖတ်ရွတ်သရဇ္ဈာယ်သော်၊ ကိစ္စအဝဝတွင် လွယ်ကူမှုရရှိပြီး၊ စိတ်နှလုံးကြည်လင် သန့်ရှင်းစင်ကြယ်သည့်အပြင်၊ အစားရိက္ခာလည်း ချောင်လည်အံ့။

၂၀။ اَلْعَلِيْمُ အလ်အလီးမု။

(က) အလုံးစုံတို့ကို သိတော်မူသောအရှင်။

(ခ) အတွင်း၊အပြင်ကိုအကြွင်းမဲ့သိတော်မူသောအရှင်။

အကျိုး။ ဤနာမံတော်ကို အစဉ်အမြဲ များစွာ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် အသိတရား အမှန်ရရှိအံ့။ မှတ်ဉာဏ်ကောင်းအံ့။

၂၁။ اَلْقَابِضُ အလ်ကားဗိဒု။

(က) အဆုခပ်သိမ်းကို တားဆီးတော်မူသော အရှင်။

(၁) လူသားတို့၏ အစာအာဟာရ
ကို ချိန်ဆ သတ်မှတ် ပေး
တော်မူသောအရှင်။

အကျိုး။ ဤနာမံတော်ကို ရက်ပေါင်း ၄၀-အထိ မုန့်ပေါ်
တွင် ရေးချ၍ စားသော်၊ မွတ်သိပ် ဆာလောင်မှု
ကြောင့် အတိဒုက္ခဖြစ်မည် မဟုတ်ချေ။

၂၂။ اَلْبَاسِطُ အလ်ဗားစိသု။
(အရာရာကို ဖြန့်ပေးတော်မူ
သောအရှင်) ရိက္ခာ ချောင်လည်
စေတော်မူသော အရှင်။

အကျိုး။ ကျားရှဉ်သနမာဇ် ဖတ်ပြီးနောက် ဤနာမံတော်ကို
၁၀-ကြိမ် ဖတ်ရွတ်သရဇ္ဈာယ်ခြင်းအားဖြင့် စား
နပ်ရိက္ခာ ပေါများအံ့။

၂၃။ اَلْخَافِضُ အလ်ခါးဖိဒု။
(အမိန့် မနာခံသူတို့ကို) နှိမ့်ချ
တော်မူသောအရှင်။

အကျိုး။ ယင်းနာမံတော်ကို အကြိမ်ပေါင်း (၅၀၀) ဖတ်
ရွတ် သရဇ္ဈာယ်ခြင်းအားဖြင့် အလိုဆန္ဒ ပြည့်ဝအံ့။

၂၄။ اَلرَّافِعُ အရ်ရားဖိအု။ (အမိန့် နာခံသူတို့ကို) မြင့်တင်တော်မူသောအရှင်။

အကျိုး။ ယင်းနာမ်တော်ကို အကြိမ်ပေါင်း (၇၀)ဖတ်ရွက်သရဇ္ဈာယ်ခြင်းဖြင့် ကျူးကျော် စော်ကားသူတို့မှ ကင်းလွတ်ချမ်းသာရအံ့။

၂၅။ اَلْمُعِزُّ အလ်မုအစ်ဇ္ဇု။ ဂုဏ်ဒြပ် မြင့်တင်ပေးတော်မူသောအရှင်။

အကျိုး။ တနလ်ာညဉ့်နှင့်သောကြာညဉ့်တွင် မဂ်ရစ်ဗ်နမာဇ်ဖတ်ပြီးနောက် ယင်းနာမ်တော်ကို အကြိမ်ပေါင်း ၄၀-ဖတ်ရွတ်သရဇ္ဈာယ်သော်၊ လူတို့သည် ရှိသော ခန့်ညားလာကြကုန်အံ့။

၂၆။ اَلْمُذِلُّ အလ်မုဇ်လ်လု။ ဂုဏ်ဒြပ် နိမ့်စေနိုင်တော်မူ သောအရှင်။

အကျိုး။ ယင်းနာမံတော်ကို (၃၅) ကြိမ် ဖတ်ရွတ် သရဇ္ဈာယ်၍ ဦးချလျက် ဆုတောင်းပတ္ထနာပြုခဲ့သော်၊ ဝန်တို မိစ္ဆာစိတ် ရှိသောသူ၏ ရန်ငြိုးဖွဲ့ခြင်းမှ ကင်းလွတ်အံ့။ တစ်ဦးတစ်ယောက်ထံမှ မိမိရသင့် ရထိုက်သော အခွင့်အရေး မရနိုင်က၊ ယင်းနာမံတော်ကိုများစွာဖတ်ရွတ် သရဇ္ဈာယ်ခြင်းအားဖြင့် ထိုသူထံမှ မိမိအခွင့်အရေးကို ရရှိအံ့။

၂၃။ اَلسَّمِيْعُ


အပ်စ္စမီးအူ။
အမြဲထာဝစဉ် အကြွင်းမဲ့ ကြားတော် မူတော်သောအရှင်။

အကျိုး။ ကြာသပတေးနေ့တွင် ကျားရှဉ်လ်နမာဇ် ဖတ်ပြီးနောက် ယင်း နာမံတော်ကို အကြိမ်ပေါင်း (၅၀၀) ဖတ်ရွတ် သရဇ္ဈာယ်၍ ဒုအာပြူ လျှင် ဆုတောင်းပြည့်အံ့။


၂၄။ اَلْبَصِيْرُ

အလ်ဗဆ်ဳီးရ်ူ။
အစဉ် မြင်နိုင်တော်မူသော အရှင်။

အကျိုး။ ဂျုံမုအဟ်နမာဇ် ဖတ်ပြီးနောက် ဤနာမ်တော်ကို အကြိမ်ပေါင်း ၁၀၀ ဖတ်ရွတ် သရဇ္ဈာယ်ခြင်း အားဖြင့် အသိအမြင် ထက်မြက် သည်ပြင်၊ ကောင်းမှု သုစရိုက်များ ပွားများနိုင်စွမ်းရှိအံ့။

၂၉။  အလ်ဟကမ်။
စီရင်ဆုံးဖြတ်တော်မူသော အရှင်။

အကျိုး။ ညဉ့်နက်သန်းခေါင်အချိန်၌ ဝုဇူနှင့်တကွ စိတ်ပါစွဲလမ်းစွာဖြင့် ယင်းနာမ်တော်ကို အချိန်အနည်းငယ် ကြာမြင့်စွာ ဖတ်ရွတ် သရဇ္ဈာယ်သော်၊ အလ္လာဟ်အရှင် မြတ်သည် ထိုသူ၏ စိတ်နှလုံးကို လျှို့ဝှက်ပညာများ သိုထားရာဌာန ပြုတော်မူအံ့။


၃၀။  အလ်အပ်ဒ်လု။
တံရားမျှတ တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသော အရှင်။

အကျိုး။ ဂျုံမုအဟ်ညဉ့်တွင် မုန့်အဝိုင်း ၃၀-ပေါ်၌ ဤနာမ်တော်ကို ရေး၍ စားခဲ့သော် လူတို့၏ စိတ်နှလုံးများကို အောင်နိုင်လိမ့်မည်။

၃၁။ 


အလ်လသ္မီးဖု။
အလွန်တရာ နူးညံ့ သိမ်မွေ့တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို (၁၃၃) ကြိမ် ဖတ်ရွတ် သရဇ္ဈာယ်သော်၊ ရိက္ခာပေါများအံ့။ အလုပ်ကိစ္စအားလုံး ချောမော ပြေပြစ်စွာ ပြီးမြောက်အံ့။

၃၂။ 

အလ်ခဗီးရု။
သတင်း အရပ်ရပ်ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို ၇-ရက်အထိ များစွာ ဖတ်ရွတ်သရဇ္ဈာယ်သော်၊ လျှို့ဝှက်သော သတင်းအရပ်ရပ်ကို ကြားသိအံ့။ ထို့ပြင် ညဉ်းဆဲ နှိပ်စက်သူ၏ လက်တွင်း၌ ကျရောက်နေသောသူသည် ဤနာမ်တော်ကို များစွာဖတ်ရွတ်သရဇ္ဈာယ်သော် အခြေအနေ ကောင်းမွန်အံ့။

၃၃။ 

အလ်ဟလီးမု။
အလွန်တရာ ထောက်ညှာ တော်မူသော အရှင်။

အကျိုး။ ခေါင်းဆောင်တစ်ဦးတစ်ယောက်သည်ယင်းနာမံတော်ကိုများစွာဖတ်ရွတ်သရဇ္ဈာယ်သော်၊ထိုသူ၏ခေါင်းဆောင်မှုတည်မြဲ၍ အေးချမ်းစွာနေရအံ့။ ထို့ပြင် စက္ကူပေါ်တွင် ရေးပြီး ရေဖြင့် ဆေး၍ ယင်းရေကို မိမိလုပ်ငန်း၏ ကိုရိယာ တန်ဆာများပေါ်၌ ပတ်လိမ်းပေးသော်၊ ထိုလုပ်ငန်းတွင် တိုးပွားမှုရှိအံ့။ လျှော်ကို ပတ်လိမ်းခဲ့သော် နစ်မြုပ်ခြင်းမှ လွတ်ကင်းချမ်းသာရအံ့။ တိရစ္ဆာန်ကို ပတ်လိမ်းသော် ဘေးဒုက္ခအသီးသီးမှ လွတ်ငြိမ်းချမ်းသာရအံ့။

အလ်အဇီးမု။


၃၄။ اَلْعَظِيْمُ ဂုဏ်တော်အရာ၌ မြင့်မြတ်တော်မူသောအရှင်။

အကျိုး။ ယင်းနာမံတော်ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် ဂုဏ်အင်ဒြပ်တိုးတက်သည့်ပြင်၊ ရောဂါအသီးသီးပျောက်ကင်းအံ့။

အလ်ဂဖူးရု။

၃၅။ اَلْغَفُوْرُ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေး သနား တော်မူသောအရှင်။

အကျိုး။ ယင်းနာမ်တော်ကို ၃ ကြိမ်ရေး၍ ဗျားနာသူအား ချည်ပေးခဲ့သော်အဖျားဆော ငါပျောက်ကင်းအံ့။

အရှိရှိကူးရှ။
၃၆။  အလွန်တရာ ကျေးဇူးသိတော် မူသောအရှင်။

အကျိုး။ ရင်ကျပ်ရောဂါရှိသူ သို့မဟုတ် မောပန်းသောသူ သို့မဟုတ် ကိုယ်လက်အဆစ်အပိုင်းများ ထိုင်းမှိုင်း လေးလံသောသူ၏ ခန္ဓာကိုယ်ပေါ်၌ ယင်း နာမ်တော်ကိုရေး၍ ၃၇ ပေးပြီးသောက်သုံးလျှင် သက် သာအံ့။ ထို့ပြင် မျက်စိအားနည်းသူသည်မိမိမျက် စိပေါ်၌ ပုတ်ပေးသော် စက္ခုအလင်းတိုးပွားအံ့။

အလ်အလီးယု။
၃၇။  အလွန်တရာ မြင့်မြတ်တော် မူသော အရှင်။


အကျိုး။ ယင်းနာမ်တော်ကိုရေး၍ ကလေးအား ချည်ပေး ခြင်းအားဖြင့် အလျင်အမြန်ကြီးပြင်းလာအံ့။ ခရီး သည်ဆောင်တားလျှင် မိမိဆွေမျိုးများနှင့် ဆော လျင်စွာ တွေ့ဆုံနိုင်အံ့။ ဆင်းရဲသောသူ ဖြစ်လျှင် ကြွယ်ဝချမ်းသာအံ့။

အလ်ကဗီးရ်။

၃၀။  ကြီးကဲတော်မူသောအရှင်။

အကျိုး။ ယင်းနာမ်တော်ကို များစွာဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် အသိပညာနှင့် အသိတရား၏ တံခါးပွင့်လာအံ့။ အကယ်၍ စားသောက်ဖွယ် ပစ္စည်းခပါဒ်၌ မန်းမှုတ်၍ လင်မယားနှစ်ယောက်အား ကျွေးမွေးလျှင် အချင်းချင်းကစ်ယောက်ကိုတစ်ယောက်ချစ်ကြည်မြတ်နိုးအံ့။

အလ်ဟဖီးဇ်။

၃၉။  ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို ဖတ်ရွတ်သရဇ္ဈာယ်သူ သို့မဟုတ် ရေး၍ မိမိထံ၌ ဆောင်ထားသူသည် စိုးရိမ်ဖွယ်အသီးသီးမှ လွတ်ငြိမ်းမှုအံ့၊ ထို့ပြင် သားရဲတိရစ္ဆာန်များ အကြောင့် အိပ်ခက်နေသော်လည်း အန္တရာယ်ဆိုက်ရောက်မည်မဟုတ်။

၄၀။ اَلْمُقِيْتُ

အလ်မုကီးသု။
အဖန်ဆင်းခံ အပေါင်းတို့အား အစာအာဟာရ ပေးသနား တော်မူသော အရှင်။

အကျိုး။ ဥပုသ်သီလ ဆောက်တည်ထားသော သူသည် ဤ နာမ်တော်ကို မြေကြီးပေါ်မန်းမှတ်၍ သော်လည်း ကောင်း၊ မြေကြီးပေါ်ရေး၍ ရေဆွတ်ပြီး နမ်းခဲ့ သော်လည်းကောင်း အားပြည့်မည်။ အာဟာရ ဓာတ် ရရှိမည်၊ အကယ်၍ ခရီးသည်၏ ရေခွက်၌ ၇-ကြိမ် ဖတ်၍ မန်းမှုတ်ပြီး၊ တစ်ဖန် ထိုရေခွက် တွင်ရေးပြီး ရေကို သောက်လျှင် တစ်ကိုယ်တည်း ဖြစ်၍ စိတ်ငယ်ခြင်းမှ ကင်းလွတ်မည်။

၄၁။ اَلْحَسِيْبُ

အလ်ဟစီးဗု။
(က) အလွန်တရာ လုံလောက် တော်မူသော အရှင်။
(ခ) စစ်ကြော မေးမြန်းတော် မူသောအရှင်။

အကျိုး။ တစ်ဦးတစ်ယောက်သည် ပြင်းကန်စွာ စစ်ဆေး မေးမြန်းခြင်း ခံရမည်ကို စိုးရိမ်ရလျှင် ဖြစ်စေ၊ တစ်စုံတစ်ရာကိစ္စနှင့် စပ်လျဉ်း၍ ဆွေမျိုး သား ချင်းဘက်မှ စိုးရိမ်ရလျှင် ဖြစ်စေ၊ နေမထွက်မီ

လည်းကောင်း၊ မဂရစ်ဗ်အပြီး၌ လည်းကောင်း ယင်းနာမ်တော်ကို ၃-ရက်တိုင်အောင် အကြိမ် (၂၀)စီ ဖတ်ရွတ် သရဇ္ဈာယ်ရပေမည်။

၄၂။ اَلْجَلِيْلُ အလ်ဂျလီးလု။
ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော အရှင်။

အကျိုး။ ယင်းနာမ်တော်ကိုများစွာဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ ကတိုးနှံ့သာ၊ ကုံကုမံဖြင့် ရေး၍ မိမိထံ၌ ဆောင်ထားခြင်းဖြင့် လည်းကောင်း ဂုဏ်ဒြပ်တိုးပွားအံ့။

အလ်ကရီးမု။

၄၃။ اَلْكَرِيْمُ
(က) အလွန် ပေးကမ်း စွန့်ကြဲတော်မူသော အရှင်။

(ခ) မြင့်မြတ် တော်မူ သော အရှင်။

(ဂ) အသနားခံတောင်းပန်မှု မရှိဘဲ ချီးမြှင့် တော်မူသော အရှင်။

(ဃ) အာသနားခံ အောင်းပန်မှု
မရှိဘဲလွတ်ငြိမ်းချမ်းသာ
ခွင့် ပေးသနားတော် မူ
သောအရှင်။

အကျိုး။ ယင်းနာမံတော်ကို အိပ်စက်ခြိန်တွင် များစွာ ဓတ်
ရွတ်သရဇ္ဈာယ်သော်၊ လူတို့၏ စိတ်နှလုံးတွင် ထို
သူအား ရိုသေလေးစားမှု ဖြစ်ပေါ်အံ့။

အရှ်ရကီးဗ်။
၄၄။ အလွန် စောင့်ကြပ် အုပ်ထိန်းတော်
မူသော အရှင်။

အကျိုး။ ဤနာမံတော်ကို ဓတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် ဥစ္စာ
ပစ္စည်းနှင့်အိမ်သူအိမ်သားများဘေးရန်ကင်းလွတ်မှု။
ထိုပြင် အကြင်သူ၏ ပစ္စည်းတစ်စုံတစ်ခု ပျောက်ဆုံး
ခဲ့သော် ထိုသူသည် ဤနာမံတော်ကို များစွာ ဓတ်
ရွတ် သရဇ္ဈာယ်လျှင် အင်နှံရှာအလွှာဟ် ထိုပစ္စည်း
ပြန်လည်ရရှိအံ့။ ထို့ပြင် ကိုယ်ဝန်ပျက်မည်ကို စိုးရိမ်
ရသော် ဤနာမံတော်ကို (၇)ကြိမ် ဓတ်ရွတ်လျှင်
ကိုယ်ဝန်ပျက်မည် မဟုတ်ချေ။ ထိုမှတစ်ပါး ခရီး
ထွက်မည့်အချိန်တွင် အကြင်ကလေးနှင့် ပတ်သက်၍
ပူပန်သောကဖြစ်သော် ထိုကလေး၏လည်ကုပ်ပေါ်

တွင် လက်ဘင်၍ ဤနာမ်တော်ကို (၇) ကြိမ် ဖတ်ရွတ်လျှင် ကျန်းမာချမ်းသာစွာရှိအံ့။

အဟ်မုဂျီးဗ်။

၄၅။ اَلْمُجِيْبُ ဒုအာ ဆုမွန်များကိုအလွန်တရာ ပြည့်စုံစေတော်မူသော အရှင်။

အကျိုး။ ဆုတောင်း ပတ္ထနာ ပြုစဉ် ဤနာမ်တော်ကိုပါ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းသည် ဒုအာဆုမွန်ကို ပြည့်စေရာ အကြောင်းဖြစ်၏။

အလ်ဝါးဓိအုံ။

၄၆။ اَلْوَاسِعُ (က) အတိုင်း အဆမရှိ ကျယ်ဝန်းတော်မူသော အရှင်။

(ခ) အသိဉာဏ် ကျယ်ဝန်းတော်မူသော အရှင်။


(ဂ) ပေါများ ကြွယ်ဝတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် စိတ်ချမ်းသာမှု၊ ဥစ္စာကြွယ်ဝမှု၊ စိတ်သဘောထားကြီးမှု၊ ထောက်ထားညှာတာမှု ဖြစ်ပေါ်အံ့။

၄၃။  အလ်ဟကီးမု။
(က) ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်။

(ခ) အရာခပ်သိမ်းတို့၏ အခြေအမြစ်ကိုသိတော်မူသော အရှင်။

အကျိုး။ များစွာ ဖတ်ရှုတတ် သရဇ္ဈာယ်ခြင်းဖြင့် ဘေးဒုက္ခ အပေါင်း ပပျောက်လတ္တံ့။ ထို့ပြင် အသိဉာဏ် အသိအမြင် ကျယ်လာအံ့။

၄၀။  အလ်ဝဒူးဒု။
အလွန် ချစ်မြတ်နိုးတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို အစာအာဟာရပေါ်၌ အကြိမ်ပေါင်း(၁၀၀၀)ဖတ်ရှုတ်မန်းမူတ်၍ ဇနီးနှင့်အတူ စားသောက်သည်ရှိသော် ဇနီးက ခင်ပွန်းအား ချစ်မြတ်နိုးလာသည်ဖြင့် ခင်ပွန်း၏ စကားကို နားထောင်လာအံ့။

အလ်မဂျီးဒ်။

၄၉။ اَلْمَجِيْدُ မြင့်မြတ်သော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်။

အကျိုး။ သမင်ဖြူရောဂါဖြစ်သူသည် အကယ်၍ လစဉ် အစွမ်လာမ်လများ၏(အိုက်ယာမေဗီဇ်)၁၃၊၁၄နှင့်၁၅-ရက်နေ့များတွင်ဥပုသ်သီလဆောက်တည်၍၊နေ့စဉ် ဝါဖြေတိုင်း ဤနာမံတော်ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်သော် အင်နှ်ရှာအလ္လာဟ်ရောဂါပျောက်ကင်းလတ္တံ့။

အလ်ဗာအိဆ်၊

၅၀။ اَلْبَاعِثُ သူသေတို့ကို သေပြီးနောက် ရှင်ပြန်ထစေတော်မူမည့် အရှင်။

အကျိုး။ အိပ်စက်ချိန်တွင် ရင်ဘတ်ပေါ်၌လက်ကိုတင်၍ ဤနာမံတော်ကို အကြိမ်၁၀၀) ဖတ်ရွတ်သရဇ္ဈာယ်သော် ထူးသောအသိတရား ဉာဏ်ပညာကြောင့် စိတ်နှလုံး လင်းဝင်းစွာရှိအံ့။

၅၁။ اَلشَّهِيْدُ အတ်ရှိရှဟီးဒ်။ နေရာ အနှံ့အပြား အခါခပ်သိမ်း ရှိနေတော်မူသော အရှင်။

အကျိုး။ အမိန့်မနာခံသောသားသမီးသို့မဟုတ်ဇနီး၏နဖူးကို ကိုင်၍ ဤနာမံတော်ကို ဖတ်ရွတ် သရဇ္ဈာယ်သော် သို့မဟုတ် အကြိမ်ပေါင်း(၁၀၀၀)ဖတ်ရွတ်၍ ၎င်းတို့ကိုမန်းမူတ်သော်အမိန့်နာခံသူများဖြစ်လာကြအံ့။

အလ်ဟတ်က်ကု။

၅၂။ 

(က) တည်ရှိတော်မူသော အရှင်
(ခ) မှန်ကန်တော်မူသော အရှင်
(ဂ) အလ္လာဟ် ဖြစ်တော် မူထိုက်သော အရှင်။

အကျိုး။ လေးထောင့် ပုံသဏ္ဌာန်ရှိသော စက္ကူ တစ်ချပ်၏ လေးထောင့်လုံးတွင် ဤနာမံတော်ကို ရေးသား၍ ယင်းစက္ကူကို လက်ဝါးပေါ်တင်လျက် ညဉ့်၏ နောက်ဆုံးယံ၌ကောင်းကင်ဘက်သို့မြောက်သော်၊ ခဲရာခဲဆစ်များအဖို့ လုံလောက်အံ့။

အလ်ဝကီးလု။

၅၃။ 

အမှုကိစ္စ တို့ကို ပြီးမြောက်စေတော်မူသော အရှင်။

အကျိုး။ အလိုဆန္ဒ ဟူသမျှသော တို့အတွက် ဤနာမံတော်ကို များစွာ ဖတ်ရွတ်ခြင်းသည် အကျိုးရှိ၏။


၈၄။ اَلْقَوِيُّ အလ်ကဝီယု။
ခွန်အား ကြီးမားတော်မူသော အရှင်။

အကျိုး။ သင်တို့နည်းသောလူ ဖတ်ရွတ်သရဇ္ဈာယ်သော် သင်တို့ ရှိလာအံ့။ အားနည်းသောသူ ဖတ်ရွတ်သရဇ္ဈာယ်သော် ခွန်အားဗလကြီးအံ့။ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသူသည် မတရားကျူးလွန်သူအား အောင်နိုင်ရန် ဖတ်ရွတ်သော် ထိုမတရားကျူးလွန်သူအပေါ် ၌ အောင်နိုင်မှုရရှိအံ့။

၈၅။ اَلْمَتِيْنُ အလ်မသီးန်။
အလွန်တရာ တည်ကြည်ခိုင်မြဲတော်မူသောအရှင်။

အကျိုး။ ယင်းနာမံတော်၏အကျိုးမှာ "အလ်ကဝီယု" ၏ အကျိုးကဲ့သို့ပင်ဖြစ်၏။ ထို့ပြင် ဒုစရိုက်မှု ပြုကျင့်သော ယောကျ်ား သို့မဟုတ် မိန်းမ တစ်ဦး တစ်ယောက် အပေါ်၌ ဖတ်ရွတ်သရဇ္ဈာယ်၍ မှန်းမှုတ်ခဲ့သော် ဒုစရိုက်မှုတို့ကို စွန့်လွှတ်အံ့။

အလ်ဝလိယု။

၅၆။ 


(က) အဆွေခင်ပွန်းကောင်းဖြစ်တော်မူသောအရှင်။

(ခ) ကူညီ ယိုင်းပင်းတော် မူသော အရှင်။

(ဂ) ချစ်မြတ်နိုးတော် မူသော အရှင်။

အကျိုး။ ဤနာမံတော်ကို များစွာဖတ်ရွတ်သော သူသည် ချစ်မြတ်နိုးခြင်းခံရသူ ဖြစ်အံ့။ထို့ပြင် တစ်စုံတရာ အခက်အခဲနှင့် ကြုံတွေ့သော သူသည် သောကြာနေ့ ညဥ့်တွင် အကြိမ်ပေါင်း(၁၀၀၀)ဖတ်ရွတ်ရာ၏။

အလ်ဟမီးဒု။

၅၇။ 

ချီးမွမ်းခြင်း အပေါင်းကို ခံထိုက်တော်မူသော အရှင်။

အကျိုး။ ဤနာမံတော်ကို များစွာဖတ်ရွတ် သရဇ္ဈာယ်ခြင်းဖြင့် မွန်မြတ်သောစာရိတ္တရှိသူ၊ကောင်းမြတ်သော စကား ပြောဆိုသူ၊ ကောင်းမြတ်သော အမူကိစ္စများကို ကျင့်မူပြုလုပ်သူ ဖြစ်လာအံ့။

အလ်မုဟ်ဆီး။

၁၈။ اَلْمُحْصِىْ (က) အရာခပ်သိမ်းတို့ကို ရေတွက်မှတ်သားထားတော်မူသော အရှင်။

(ခ) အရာခပ်သိမ်းတို့ကို မိမိအသိဖြင့် လွှမ်းခြုံ ထားတော်မူသော အရှင်။

အကျိုး။ အကယ်၍ ဤနာမ်တော်ကို မုန့်အပိုင်း(၂၀)ပေါ်၌ အကြိမ် ၂၀-ဖတ်ရွတ် မန်းမှုတ်၍ စားခဲ့သော် သတ္တဝါအပေါင်း အမိန့်နာခံအံ့။

အလ်မုတ်ဗ်ဒိအု။

၁၉။ اَلْمُبْدِئُ ပထမအကြိမ် ဖန်ဆင်းတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကိုညဉ့်၏နောက်ဆုံးယံတွင်ရွတ်ဖတ်၍ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ဝမ်းပိုက်ပေါ် မန်းမှုတ်ခဲ့သော် ကိုယ်ဝန် ပျက်မည် မဟုတ်ချေ။

အလ်မုအီးဒု။

၆၀။ اَلْسَّمِيْعُ

ဒုတိယအကြိမ် ဖန် ဆင်း တော် မူ သော အရှင်။
(မူလအတိုင်း ပြန်လည် ဖြစ်စေ တော်မူသော အရှင်။)

အကျိုး။ တစ်စုံတရာကို မေ့လျော့၍ သတိမရလျှင် ယင်း နာမံတော်ကို တစ်ပါးတည်းဖြစ်စေ၊ အလ်မုဗ်ဒိအုန့်အတူဖြစ်စေ အဖန်တလဲလဲ ဖတ်ရွတ်သရဇ္ဈာယ်လျှင် အင်နှ်ရှအလ္လာဟ် ပြန်လည်သတိရခဲ့။

၆၁။ اَلْحَيُّ

အလ်မှဟ်ယီး။
သတ္တဝါအပေါင်းကို အသက် ထင်ရှား ရှိစေတော်မူသော အရှင်။
(ရှင်စေတော်မူသော အရှင်။)

အကျိုး။ တစ်ဦးတစ်ယောက်နှင့် ခွဲခွာရမည်ကို စိုးရိမ်လျှင် ဖြစ်စေ၊ အချုပ်ခံရမည်ကို စိုးရိမ်လျှင်ဖြစ်စေ ဤ နာမံတော်ကို များစွာ ဖတ်ရွတ် သရဇ္ဈာယ်ရာ၏။

၆၂။ اَلْمُمِيْتُ

အလ်မုမီးသု။
သေကြေ ပျက်စီး စေ တော် မူ သော အရှင်။

အကျိုး။ အသုံးအစွဲကြီးသူ၊ သို့မဟုတ် သလ္လာဟ်အရှင်မြတ် အမိန့်နာခံရန် စိတ်မပါသော သူသည် ဤနာမ်တော်ကို များစွာဖတ်ရွတ် သရဇ္ဈာယ်ရာ၏။

၆၃။ اَلْحَيُّ အလ်ဟိုက်ယ်။
အမြဲရှင်နေတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာဖတ်ရွတ် သရဇ္ဈာယ်ခြင်းဖြင့် သို့မဟုတ် ရေး၍ သောက်သုံးခြင်းဖြင့် ဆွေဂါအမျိုးမျိုးတို့မှ လွတ်မြောက်အံ့။

အလ်ကိုက်ယူးမူ။

၆၄။ اَلْقَيُّوْمُ (က) အမြဲထာဝရ တည်နေတော်မူသောအရှင်။
(ခ) သက်ရှိ သက်မဲ့ အပေါင်းတို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာဖတ်ရွတ် သရဇ္ဈာယ်လျှင် အိပ်ပျော်၏။ ထို့ပြင် "ယာဟိုက်ယူ၊ ယာကိုက်ယူးမ်" ကို နံနက်မိုးသောက်ချိန်မှ နေထွက်သည်အထိ ဖတ်ရွတ် သရဇ္ဈာယ်ခြင်းဖြင့် အမိန့်နာခံလိုသော စိတ်ဓာတ် ပေါက်ပွားလာမည်။

၆၅။ اَلْوَاجِدُ

အလ်ဝါးဂျိဒု။

တွေ့ရှိတော်မူသော အရှင်။

အကျိုး။ အကြင်သူသည် စားသောက်ချိန်တွင် ဤ နာမ်တော်ကို ရွတ်ဖတ်၍ စားခဲ့သော် ထိုအစာအဟာရသည် ထိုသူ၏ ဝမ်းဗိုက်တွင် အလင်းရောင် ဖြစ်သွားပေမည်။

၆၆။ اَلْمَاجِدُ

အလ်မားဂျိဒု။

အလွန် မြင့်မြတ်တော်မူသော အရှင်။

အကျိုး။ ယင်းနာမ်တော်ကို အမြဲတမ်းရွတ် သရဇ္ဈာယ်သော် စိတ်နှလုံး ဝင်းလင်းအံ့။

၆၇။ اَلْوَاحِدُ اَلْاَحَدُ

အလ်ဝါးဟိဒုလ် အဟဒု။

တစ်ဆူတည်းသောအရှင်။

အကျိုး။ ယင်းနာမ်တော်ကို အကြိမ်ပေါင်း (၁၀၀၀) ဖတ်ရွတ်သည်ရှိသော် ထိုသူ၏ စိတ်နှလုံးမှ သတ္တဝါအပေါင်း၏ သံယောဇဉ် ကင်းရှင်းအံ့။

အတ်ဆ်ဆွမဒ်။

၆၈။ اَلصَّمَدُ

လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်။

(သတ္တဝါအပေါင်းတို့၏ အမှီသဟဲဖြစ်တော်မူသော အရှင်။)

အကျိုး။ ညဏ်နောက်ဆုံးယံတွင် ၁၂၅ ကြိမ်ဖတ်ရွတ်သော် မှန်ကန်မှုနှင့် မှန်ကန်ခြင်း၏ နိမိတ်လက္ခဏာများ ထင်ရှားအံ့။ ယင်းနာမံတော်ကို တသခြင်းဖြင့် ဆာလောင်ခြင်းဖြင့် ထိခိုက်မည်မဟုတ်။

အလ်ကာဒိရ်။

၆၉။ اَلْقَادِرُ

အလွန်တရာ စွမ်းဆောင် နိုင်တော်မူသော အရှင်၊

အကျိုး။ နမာဇ်နှစ်ရကအသ်ဖတ်၍ ယင်းနာမံတော်ကို အကြိမ်ပေါင်း (၁၀၀) ဖတ်ရွတ် သရဇ္ဈာယ်သော် စွမ်းအားကို ရရှိပေအံ့။ ထို့ပြင် စုဇူပြုနေခိုက် ယင်းနာမံတော်ကို များစွာဖတ်ရွတ်သော် ရန်သူများအပေါ်၌ အောင်နိုင်မှုရရှိအံ့။

အလ်မုတ်က်သဒီရု။

၁၀။ اَلْمُقْتَدِرُ (က) တန်ခိုးတော်ကို ထင်ရှားစေ
တော်မူသောအရှင်။
တန်ခိုးအာနုဘော်နှင့် ပြည့်
စုံတော်မူသော အရှင်။

အကျိုး။ အိပ်ရာမှနိုးသောအခါ ဤနာမ်တော်ကို များစွာ
ဖတ်ရွတ်လျှင် မိမိလိုအင်ဆန္ဒနှင့် စပ်လျဉ်းသော
အကြံအစည်ကို အလ္လာဟ်အရှင်မြတ်က လွယ်ကူစေ
တော်မူအံ့။

အလ်မုကဒ်ဒီမု။

၁၁။ اَلْمُقَدِّمُ တင်ကြို၍ စီစဉ်တော် မူသော
အရှင်။

အကျိုး။ ဤနာမ်တော်ကို စစ်ပွဲ၌သွားရောက်ဖတ်ရွတ်ခဲ့သော်
အားအင်တိုးတက်မည်။ လွတ်မြောက်မှု ရရှိပေမည်။

အလ်မုအပ်ခ်ိရု။

၁၂။ اَلْمُؤَخِّرُ (က) ဆိုင်းငံ့၍ ပြုတော်မူသော
အရှင်။

(၁) ရှန်သူတို့ကို မိမိကျေးဇူးတော်
ဖြင့် နောက် သို့ ဆုတ် ထား
တော်မူသောအရှင်။

အကျိုး။ ဤနာမံတော်ကိုမျှားစွာဖတ်ရွတ်သော်၊မကောင်းမှု
ဒုစရိုက်တို့မှ သောင်ဗဟ်ပြုခွင့်ရအံ့။

အလ်အောက်ဝလု။

၂၃။ اَلْاَوَّلُ အဦးအစဖြစ်တော်မူသော အရှင်

အကျိုး။ အကယ်၍ခရီးသည်သည် သောကြာနေ့တိုင်း ယင်း
နာမံတော်ကို အကြိမ်ပေါင်း (၁၀၀၀) ဖတ်ရွတ်
သရဇ္ဈာယ်သော်၊ မိမိအသိုက်အဝန်းနှင့် ဆောလျင်
စွာ တွေ့ဆုံခွင့်ရပေမည်။

အလ်အားခိရု။

၂၄။ اَلْاٰخِرُ အဆုံးစွန်ဖြစ်တော်မူသော အရှင်။

အကျိုး။ အကယ်၍ဤနာမံတော်ကို နေ့စဉ် အကြိမ်ပေါင်း
(၁၀၀၀) ဖတ်ရွတ်သော် အလ္လာဟ် အရှင်မြတ်မှ
တစ်ပါး အခြားကိုခင်တွယ်မှုမရှိလိမ့်မည် မဟုတ်ပေ။

အတ်ဇ်ဇွာဟိရ်။

၂၅။ اَلظَّاهِرُ

တဲန်ခိုးတော်အားဖြင့် အထင်ရှားဆုံးဖြစ်တော်မူသော အရှင်။

အကျိုး။ အစ်ရှ်ရုက်အချိန်တွင် ဤနာမ်တော်ကို များစွာဖတ်ရွတ်သော်၊ စိတ်နှလုံးကြည်လင်မှု ရရှိပေမည်။

အလ်ဗားသိန်။

၂၆။ اَلْبَاطِنُ

ဇာတိတော် အားဖြင့် အကွယ်ဖြစ်ရှိတော်မူသောအရှင်။

အကျိုး။ နေ့စဉ်အကြိမ်ပေါင်း (၃၀၀) တစ်နာရီတိတိဖတ်ရွတ်သော်၊ စိတ်ရှင်ပြမှုရှိပေမည်။

အလ်ဝါးလိယု။

၂၇။ اَلْوَالِيْ

ကာကွယ် စောင့်ရှောက် တော်မူသောအရှင်။ ကွပ်ကဲ အုပ်ချုပ်တော်မူသောအရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းသည် မိုးကြိုးပစ်ခြင်းမှကာကွယ်၏။

အလ်မုသအားလီ။

၂၈။ اَلْمُتَعَالِيْ အလွန် မြင့်မြတ်တော် မူသော အရှင်။

ဆကျိုး။ ဤနာမ်တော်ကို ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် မြင့်မြတ်မှုနှင့် မှန်ကန်မှုရှိပေမည်။

အလ်ဗရ်ရှ။

၂၉။ اَلْبَرُّ (က) အကျိုးကျေးဇူးကို ဆောင်တော်မူသော အရှင်။

(ခ) မိမိ ကရုဏာ တော်နှင့် ကျွန်များအပေါ် အကောင်းပြုတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို ၂-ကြိမ်ဖတ်၍ ကလေးအား မန်းမှုတ်သော်၊ အကြောင်းလှသူအဖြစ် ကြီးပြင်းလာမည်။

အတ်သောတ်ဝါးဗု။

၃၀။ اَلتَّوَّابُ ဒုစရိုက်မှု ကျူးလွန်သူတို့၏ ဝန်ချတောင်းပန်ချက်ကို လက်ခံတော်မူသောအရှင်။

အကျိုး။ ကျွန်ုပ်သည် နမာဇ်ဖတ်ပြီးနောက် အကြိမ် ပေါင်း ၃၃၀-ဖတ်ရွတ်သော် ဝန်ခွေတောင်းပန်ရန် အခွင့်အ လမ်းရရှိပေမည်။ ထို့ပြင် နာမံတော်ကို ၁၀-ကြိမ် ဖတ်ရွတ်၍ မတရားနှိပ်စက်သူအား မုန်းမုတ်ခဲ့သော် ငှင်း၏ နှိပ်စက်ခြင်းမှ လွတ်မြောက်မည်။

အလ်မွန်သကိမ်။

၈၁။ اَلْمُقْسِطُ

အမိန့်တော်ကို နာခံခြင်း မရှိ သောသူတို့ အား ထုံ့ပြန်လက် စားချေတော်မူသောအရှင်။

အကျိုး။ အကြင်သူသည် မိမိအား မတရားနှိပ်စက်သောသူကို လက်စုံ့ပြန်ခြင်းမပြုနိုင်လျှင် ဤနာမံတော်ကိုမျှား စွာဖတ်ရွတ်သော်၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူ အားထုံ့ပြန်လက်တုံ့ပြန်တော်မူအံ့။

အလ်အဖွဝ်ဝ်။

၈၂။ اَلْعَفُوُّ

(က) အလွန်တရာ ခွင့်လွှတ်တော်မူ သောအရှင်။

(ခ) အပြစ်တို့ကို ဆိတ်သုဉ်း စေ တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို များစွာ ဖတ်ရွတ်သရဇ္ဈာယ်ခြင်း ဖြင့် အဖြစ်တို့မလှတ်ငြိမ်းချမ်းသာခွင့်ရ၍ အလ္လာဟ် အရှင်မြတ်၏ နှစ်မြို့မှုကို ရရှိပေမည်။

အရ်ရအူးဖ်။

၈၃။ اَلرَّؤُفُ

အလွန်တရာ ကရုဏာ ရှိတော်မူသောအရှင်။

အကျိုး။ မိမိဒေါသဖြစ်သောအချိန်၌ဖြစ်စေ၊ အခြားသူဒေါသဖြစ်သော အချိန်၌ဖြစ်စေ ဤနာမ်တော်ကို ၁၀-ကြိမ်ဖတ်၍ ဒုဂ္ဂဳယ်ရိပ်ကို ၁၀ ကြိမ် ဖတ်သော်၊ ဒေါသများ ငြိမ်သက်သွားပေမည်။

မာလိကုလ်မုလ်ကိ။

၈၄။ مَالِكُ الْمُلْكِ

စကြဝဠာခပ်သိမ်းတို့ကို စိုးပိုင်တော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို အစဉ်အမြဲ ဖတ်ရွတ် သရဇ္ဈာယ်လျှင် ဥစ္စာပစ္စည်းနှင့် ကြွယ်ဝချမ်းသာမှုကို ရရှိပေမည်။

၁၅။ ذُوالْجَلَالِ وَالْإِكْرَامِ

ဇုလ်ဂျလားလိ ဝလ်အစ်က်ရာမ်။

ဘုန်းသမ္ဘာ ကျက်သရေနှင့် ပြည့်စုံတော်မူသော အရှင်။

အကျိုး။ ယင်းနာမ်တော်ကို ဖတ်ရွတ် သရဇ္ဈာယ်ခြင်းဖြင့် မြင့်မြတ်မှုနှင့် ဂုဏ်ဒြပ်ကို ရရှိပေမည်။

၁၆။ اَلْمُقْسِطُ

အလ်မုတ်က်စိသု။

လွန်စွာတရားမျှတတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို ဖတ်ရွတ် သရဇ္ဈာယ်ခြင်းဖြင့် အိဗာဒသ်ဝတ်ပြုရာ၌ စိတ်အနှောင့်အယှက် ဖြစ်လိမ့်မည် မဟုတ်ပေ။

အလ်ဂျဲားမိအု။

၁၇။ اَلْجَامِعُ ကိယာမသ်နေ့တုင် သတ္တဝါအပေါင်းတို့အားစုရုံးတော်မူမည့်အရှင်။


အကျိုး။ ယင်းနာမံတော်ကို အစဉ်အမြဲ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဖြင့် မိမိ၏ရည်ရွယ်ချက်များ အောင်မြင်မည်။ မိတ်ဆွေများနှင့်အတူ တစ်စည်းတစ်လုံးတည်းနေထိုင်ခွင့်ရမည်။ ထို့ပြင် ပစ္စည်း တစ်စုံတစ်ခုပျောက်ဆုံးသွားသူသည် ဤနာမံတော်ကို ဖတ်ရွတ်သော် ပစ္စည်းပြန်လည် ရရှိပေမည်။

အလ်ဃနီးယု။

၁၈။ اَلْغَنِيُّ လိုလားတောင့်တခြင်းမှ ကင်းတော်မူသောအရှင်။

အကျိုး။ မကျန်းမာစဉ် သို့မဟုတ် ဘေးဒုက္ခဆိုက်ရောက်ချိန်တွင် ဤနာမံတော်ကို ဖတ်ရွတ်သော် ဝေဒနာဘေးဒုက္ခပပျောက်အံ့။

အလ်မုတ်ဃ်နီး။

၈၉။  ဆောင့်ရဲ တင်းတိမ်စေတော်မူသော အရှင်။

အကျိုး။ ယင်းနာမ်တော်ကို အကြိမ်ပေါင်း (၁၀၀၀) ဖတိရွတ်ခြင်းဖြင့် ဥစ္စာဓနကြွယ်ဝမှုရှိအံ့။သံဝါသပြုနေစဉ် ဤနာမ်တော်ကိုစိတ်ထဲ၌ ဖတ်ရွတ်သည်ရှိသော် ဇနီးသည်က ခင်ပွန်းအား ချစ်မြတ်နိုးပေမည်။

အလ်မားနိအ့။

၉၀။  (က) ဘေးဒုက္ခကို တားမြစ်တော်သောအရှင်။

(ခ) မိမိမိတ်ဆွေများ၏ ဘေးဒုက္ခကိုတားဆီးတော်မူသောအရှင်။

အကျိုး။ အလိုဆန္ဒ ပြည့်ဝခြင်း မရှိသောသူသည် ဤနာမ်တော်ကို နံနက်နှင့် ညနေတိုင်းတွင် ဖတ်ရွတ်သော် အလိုဆန္ဒ ပြည့်ဝမည် ဖြစ်၏။

အတ်ဒ္ဒါးရ်ရှ။

၉၁။  (က) ဘေးဥပဒ် သက်ရောက်စေနိုင်တော်မူသောအရှင်။

(ခ) ဘေးဥပဒ်နှင့် အဆိုးကို ဖန်ဆင်းနိုင်တော်မူသောအရှင်။

အကျိုး။ သောကြာနေ့ညတွင် အကြိမ်ပေါင်း (၁၀၀)ဖတ်ရွတ်ခဲ့သော် ဘေးဥပဒိမှ လွတ်ကင်းချမ်းသာရပေမည်။

အန္တရာယ်ဖိအုံ။

၉၂။ اَلنَّافِعُ (က) အကျိုး သက်ထောက်စေတော်မူသော အရှင်။

(ခ) အကျိုးနှင့် အကောင်းကို ဖန်ဆင်းတော်မူသော အရှင်။

အကျိုး။ တစ်စုံတရာအကျိုး ခံစားလိုသော်ဤနာမံတော်ကို စိတ်ဝင်စားစွာ ဖတ်ရွတ် သရဇ္ဈာယ်ပါ။

၉၃။ اَلنُّوْرُ အနှိုးရှု။

ထွေးခြည်တော်အရှင်၊ လင်းဝင်းစေတော် မူသော အရှင်။

အကျိုး။ ဤနာမံတော်ကိုဖတ်ရွတ်ခြင်းဖြင့်စိတ်နှလုံးအလင်းထွေးရရှိပေမည်။

အလ်ဟားဒီး။

၉၄။ اَلْهَادِيْ တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူသော အရှင်။

အကျိုး။ ယင်းနာမ်တော်ကိုတသခြင်းဖြင့်ဖြစ်စေ၊ ရေးရှိမိမိထံဆောင်ထားခြင်းဖြင့်ဖြစ်စေ၊ တရားအလင်းနှင့် မှန်ကန်သောအသိတရားရရှိပေမည်။

အလ်ဗဒီးအု။

၄၅။ اَلْبَدِيْعُ စတင်၍ ဖန်ဆင်းတော်မူသော အရှင်။

အကျိုး။ ဤနာမ်တော်ကို အကြိမ်ပေါင်း (၁၀၀၀၀) ဖတ်သော် အလိုဆန္ဒပြည့်ဝ၍ ဘေးဥပဒ်နှင့် ပူဆွေးခြင်းမှလွတ်မြောက်ပေမည်။

အလ်ဗားကီး။

၄၆။ اَلْبَاقِيْ ထာဝစဉ် တည်ရှိ၊ နေတော်မူမည့် အရှင်။

အကျိုး။ အကြိမ်ပေါင်း (၁၀၀၀)ဖတ်ရွတ်လျှင် ပူပန်မှုမှလွတ်မြောက်ပေမည်။


အလ်ဝါးရိစု။

၄၇။ اَلْوَارِثُ (က) အလုခပ်သိမ်း တို့ကို စိုးပိုင်တော်မူသော အရှင်။

(၁၆) အမွေစား အမွေခံ ဖြစ်တော်မူသောအရှင်။

(၁၇) အရာခပ်သိမ်း ပျက်စီးပြီး သည့်နောက် တည်ရှိ နေတော်မူမည့်အရှင်။

အကျိုး။ မင်္ဂလာဗီဇနှင့်အီရှာနမာဇ်အကြားတွင်ကျွန်နာမ်တော်ကို ဆက်ပြီပေါင်း (၁၀၀၀)ဖတ်ရွတ်လျှင်၊ စိတ်ရှုပ်ထွေးမှု၊ တွေဝေမှု၊အကြံအိုက်မှုများပပျောက်ပေမည်။

၁၈။ 

အရ်ရရှီးဒ်။

(က) မှန်ကန်တော်မူသောအရှင်။

(ခ) လမ်းမှန်ကို ညွှန်ကြားပြသတော်မူသော အရှင်။

အကျိုး။ အီရှာနမာဇ်အပြီး အကြိမ်တစ်ရာဖတ်လျှင် မိမိပြုကျင့်ခဲ့သော ကောင်းမှုများ လက်ခံခြင်း ခံရပေပေမည်။

အဆ်ဆွဗူးရှ်။

၆၉။ اَلصَّبُوْرُ ခန္တီတရားနှင့်ပြည့်စုံတော်မူသော အရှင်။

အကျိုး။ နေမထွက်မီနေစဉ် ဖတ်ရွတ်သရဇ္ဈာယ်သော်၊ မည်သည့်ဘေးဒုက္ခမှ သက်ရောက်မည် မဟုတ်ချေ။ ကျမ်းဂန်များ၌အခြားအခြားသောအကျိုးကျေးဇူးများလည်း လာရှိ၏။ သို့သော် စေတနာဖြူစင်လျှင် ဤမျှနှင့်ပင် လုံလောက်၏။

အစ္စလာမ့်ရောင်ခြည် စာပေ မှ
ရရှိနိုင်သော စာအုပ်များ

၁။ ဇနီးမောင်နှံ ကျင့်ဝတ်များ
၂။ မိဘနှင့် သားသမီး ကျင့်ဝတ်
၃။ ရဂျဗ် ရွှအ်ဗဒါန် ရမဇာန် ၏ ကျင့်စဉ်များ
၄။ အစ္စလာမ့် သမိုင်းဝင် ဖြစ်ရပ်များ
၅။ ဂျမုအဟ် ၏ ထူးမြတ်မှုနှင့် ပညတ်ချက်များ
၆။ အလ္လာဟ်အရှင်မြတ် ၏ (ထူးခြား) မြင့်မြတ်လှစွာသော
နာမံတော်များ
၇။ ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဆက်
၈။ မွတ်စ်လင့်မ် ယုံကြည်ချက် နှင့် ဆုမွန် ဒုအာ

ဆက်သွယ်ရန်လိပ်စာ -
အစ္စလာမ့်ရောင်ခြည် စာပေ
အမှတ် (၁၂၆) ဒုတိယထပ်၊ အနော်ရထာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့